# ၁၉၆၀ ပြည့်နှစ်၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂၀။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

ပြည်ထောင်စုနိုင်ငံတော်တွင် ပရိယတ္တိသာသနာတော် တည်တံ့ခိုင်မြဲထူးကဲပြန့်ပွားစည်ပင်ရေးအတွက်လည်းကောင်း၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် သာသနာ့အာဇာနည်မထေရ်အရှင်မြတ်တို့ စဉ်ဆက်မပြတ်ပေါ်ထွက်စေနိုင်ရန်လည်းကောင်း၊ တိပိဋကဓရရွေးချယ်ပွဲများကို အခြေခိုင်ခံ့လျက် အဝွန့်ရှည်စွာ စနစ်တကျ ကျင်းပနိုင်ရေးအတွက်လည်းကောင်း။ လိုအပ်သည်ဖြစ်သောကြောင့် —

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၅၀၄ ခုနှစ်) တိပိဋကဓရရွေးချယ်ရေးအဖွဲ့အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "ဩဝါဒါစရိယဆရာတော်" ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ဖွဲ့စည်းထားသော ဩဝါဒါစရိယအဖွဲ့၏ အဖွဲ့ဝင်ဆရာတော်ကို ဆိုလိုသည်။

(ခ) "ရွေးချယ်ရေးအဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) အရ ရွေးချယ်ဖွဲ့စည်းထားသော တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကိုဆိုလိုသည်။

၃။ ။ (၁) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဟု ခေါ်ရမည့် အဖွဲ့တစ်ခုကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

(၂) တိပိဋကဓရရွေးချယ်ရေးအဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့်တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ရွေးချယ်ရေးအဖွဲ့သည်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းမရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လက်ရှိထားခြင်း၊ လွှဲပြောင်းယူခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

---

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂) ရက်၊ စာမျက်နှာ - ၁၄၆၇။

(၄) ဤအက်ဥပဒေ စတင်အာဏာမတည်မီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကိုယ်စား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဖွဲ့စည်းထားသော တိပိဋကစရရွေးချယ်ရေးအဖွဲ့၏ ရန်ပုံငွေကိုလည်းကောင်း၊ တိပိဋကစရရွေးချယ်ရေးအဖွဲ့ပိုင် ပစ္စည်းအားလုံးနှင့် ကြွေးမြီတာဝန်အားလုံးကိုလည်းကောင်း၊ ရွေးချယ်ရေးအဖွဲ့က ဆက်ခံရမည်။

၄။ ။ (၁) ရွေးချယ်ရေးအဖွဲ့တွင် အောက်ပါလူပုဂ္ဂိုလ်များပါဝင်ရမည် —

(က) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၂ ဦး၊

(ခ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၂ ဦး၊

(ဂ) မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းဝင်များထဲမှကိုယ်စားလှယ် ၁ဦး၊

(ဃ) ရန်ကုန်မြို့၊ စေတိယင်္ဂဏပရိယတ္တိအသင်းဝင်များထဲမှ ကိုယ်စားလှယ် ၁ဦး၊

(င) နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် ၁ ဦး၊

(စ) နိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ် ၁ ဦး၊

(ဆ) ပါဠိပညာရေးအဖွဲ့ဝင်များထဲမှ ကိုယ်စားလှယ် ၁ ဦး၊

(ဇ) ပညာရေးညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ် ၁ ဦး၊

(ဈ) နိုင်ငံတော်သမ္မတက ခန့်ထားသည့် အခြားပုဂ္ဂိုလ် ၂ ဦး။

(၂) ပုဒ်မခွဲ (၁)၏ အပိုဒ် (ဂ)၊ (ဃ) နှင့် (ဆ) တွင် ရည်ညွှန်းထားသည့် ကိုယ်စားလှယ်များသည် ပါဠိဘာသာ၌ ကောင်းစွာ ကျွမ်းကျင်သူများ ဖြစ်ရမည်။

(၃) နိုင်ငံတော်သမ္မတသည်၊ ရွေးချယ်ရေးအဖွဲ့ဝင်များ၏ အမည်များကို အခါအားလျော်စွာ ပြန်တမ်းတွင် ကြေညာရမည်။

၅။ ။ ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့်၊ ရွေးကောက်တင်မြှောက်ခြင်း၊ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တိုင်းသည် ဩဝါဒါစရိယဆရာတော်များ ရှေ့မှောက်တွင်ဖြစ်စေ၊ ထိုဆရာတော်များက ညွှန်ကြားသော ဩဝါဒါစရိယဆရာတော် တစ်ပါးပါးရှေ့မှောက်တွင်ဖြစ်စေ၊ အောက်ပါအတိုင်း ကတိသစ္စာဆိုရမည်။

"တပည့်တော် ........................ သည် ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်း/ခန့်ထားခြင်း ခံရပြီးဖြစ်သဖြင့် အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ အဂတိမလိုက်စားဘဲ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေပွန်အောင်ဆောင်ရွက်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည် အရှင်ဘုရား။"

၆။ ။ ရွေးချယ်ရေးအဖွဲ့ဝင်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ရမည်။

၇။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ အဖွဲ့ဝင်များထဲမှ တစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌသည်၊ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်သည့်အခါ အစည်းအဝေးတက်ရောက်သည့်အဖွဲ့ဝင်များသည်၊ မိမိတို့အထဲမှ တစ်ဦးဦးကို သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၈။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ သာမန်အားဖြင့် လေးလလျှင်တစ်ကြိမ် အစည်းအဝေး ကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင် မည်သည့်အခါမဆို ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်နိုင်သည်။

(၃) ရှစ်ဦးအောက်မနည်းသောအဖွဲ့ဝင်များက လက်မှတ်ထိုး၍ ဤအက်ဥပဒေပါကိစ္စတစ်ခုခုအတွက် ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်စေလိုကြောင်း ဥက္ကဋ္ဌထံ အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် ရွေးချယ်ရေးအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ အဖွဲ့ဝင်အနည်းဆုံး ရှစ်ဦးတက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

၉။ ။ (၁) အောက်ပါပုဂ္ဂိုလ်များအား ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း၊ ခန့်ခြင်း၊ သို့တည်းမဟုတ် တည်မြဲစေခြင်းမရှိစေရ —

(က) ဗုဒ္ဓဘာသာဝင်မဟုတ်သူ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်သူ။

(ဂ) လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသူ။

(ဃ) စိတ်ပေါ့သွပ်၍၊ စိတ်ပေါ့သွပ်သူဟု အခွင့်အာဏာရသည့် တရားရုံး၏ အမိန့်ချမှတ်ခြင်းခံနေရသူ။

(င) ကိုယ်ကျင့်တရားပျက်ယွင်းသည့် ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် ပြစ်ဒဏ် စီရင်ခံရဘူးသူ။

(စ) ရွေးချယ်ရေးအဖွဲ့၏ ဂုဏ်ကို ထိပါးစေမည့် သိက္ခာပျက်ပြားမှုကို ကျူးလွန်သူ။

(၂) တစ်ဦးတစ်ယောက်သောသူသည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ အရည်အချင်း ပျက်ယွင်းခြင်းရှိသည် မရှိသည်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်ထားသောအဖွဲ့၏၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

၁၀။ ။ ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးဦးသည် —

(က) သေဆုံးသော်၊

(ခ) အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်သော်၊

(ဂ) အရည်အချင်းပျက်ယွင်းကြောင်းထင်ရှားသော်၊

(ဃ) ရွေးချယ်ရေးအဖွဲ့၏အစည်းအဝေးများသို့ ထိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးကြိမ်တစ်ဆက်တည်း မတက်ရောက်သော်၊

ထိုအဖွဲ့ဝင်၏နေရာသည်၊ ထိုအခါ လစ်လပ်သည်ဟု မှတ်ယူရမည်။

၁၁။ ။ ရွေးချယ်ရေးအဖွဲ့ဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ထိုအဖွဲ့ဝင်ကို ရွေးကောက်တင်မြှောက်သော၊ သို့တည်းမဟုတ် ခန့်ထားသောနည်းအတိုင်း အရည်အချင်းနှင့် ပြည့်စုံသူတစ်ဦးကို ရွေးကောက်တင်မြှောက်၍၊ သို့တည်းမဟုတ် ခန့်ထား၍ လစ်လပ်သည့်နေရာကို ဖြည့်ရမည်။

သို့ရာတွင် ယင်းသို့ရွေးကောက်တင်မြှောက်ခြင်းခံရသည့်၊ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်သစ်သည်၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသူ ထမ်းရွက်ရန် ကျန်ရှိနေသေးသော ကာလအပိုင်းအခြားအတွက်သာလျှင် အဖွဲ့ဝင်အဖြစ် ထမ်းရွက်ရမည်။

၁၂။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ သိက္ခာတော် ၂၀ ကျော်၍ ထင်ရှားကျော်စောသော ပိဋကကျမ်းတတ်စာချပုဂ္ဂိုလ် မဟာထေရ်များထဲမှ ဩဝါဒါစရိယဆရာတော်ကိုးပါးကို ရွေးကောက်တင်မြှောက်ပြီးလျှင်၊ ထိုဆရာတော်ကြီးများစာရင်းကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

(၂) ဤအက်ဥပဒေပါကိစ္စများကို၊ ရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ရာတွင် ရွေးချယ်ရေးအဖွဲ့အား ဩဝါဒပေးရန်အတွက် ပုဒ်မခွဲ (၁) အရ ရွေးကောက်တင်မြှောက်ထားသည့် ဩဝါဒါစရိယဆရာတော်ကိုးပါးပါဝင်သော ဩဝါဒါစရိယအဖွဲ့ကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၁၃။ ။ ဩဝါဒါစရိယဆရာတော်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ရမည်။

၁၄။ ။ (၁) ဩဝါဒါစရိယဆရာတော်များသည်၊ မိမိတို့အထဲမှ ဆရာတော်တစ်ပါးပါးကို ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးကောက်တင်မြှောက်ရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည်၊ ဩဝါဒါစရိယအဖွဲ့၏ အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌဆရာတော်မတက်ရောက်လျှင်၊ အစည်းအဝေးသို့ တက်ရောက်သည့် ဩဝါဒါစရိယဆရာတော်များသည် မိမိတို့အထဲမှ ဆရာတော်တစ်ပါးပါးကို သဘာပတိ

အဖြစ် ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

(၃) ထုပ်ချုပ်ရေးအရာရှိသည်၊ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးတိုင်း၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၅။ ။ (၁) ဩဝါဒါစရိယအဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ သာမန်အားဖြင့် လေးလလျှင်တစ်ကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) ဥက္ကဋ္ဌဆရာတော်သည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်လျှင်၊ မည်သည့်အခါမဆို၊ ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်နိုင်သည်။

(၃) ခြောက်ပါးအောက်မနည်းသောဩဝါဒါစရိယဆရာတော်များက လက်မှတ်ရေးထိုး၍ ဤအက်ဥပဒေပါ ကိစ္စတစ်ခုခုအတွက် ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်စေလိုကြောင်း၊ ဥက္ကဋ္ဌဆရာတော်ထံ အကြောင်းကြားလျှင်၊ ဥက္ကဋ္ဌဆရာတော်သည်၊ ဩဝါဒါစရိယအဖွဲ့၏ အထူးအစည်းအဝေးကို ဖိတ်ခေါ်ရမည်။

(၄) အစည်းအဝေးသို့ ဩဝါဒါစရိယဆရာတော် အနည်းဆုံးခြောက်ပါးတက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

၁၆။ ။ (၁) ဩဝါဒါစရိယဆရာတော်တစ်ပါးပါးသည်အောက်ဖော်ပြပါအကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်၊ ဩဝါဒါစရိယဆရာတော်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်—

(က) လူထွက်ခြင်း၊

(ခ) ပျံလွန်တော်မူခြင်း၊

(ဂ) စိတ်မှန်လွှင့်ရူးသွပ်ခြင်း၊

(ဃ) ဓမ္မဇာေဒကအင်္ဂါနှင့် ညီညွတ်အောင်စွပ်စွဲသော ပါရာဇိကအာပတ္တိ ရောက်ကြောင်းဖြစ်၍ သက်ဆိုင်ရာ ဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်းဂဏ ဆရာတော်ထံမှ သုဒ္ဓဆုံးဖြတ်ချက်ကို မရခြင်း၊

(င) အကျင့်စာရိတ္တနှင့် ပတ်သက်သောရာဇဝတ်မှုဖြင့်ပြစ်ဒဏ်စီရင်ခံရခြင်း၊

(စ) ဩဝါဒါစရိယဆရာတော်အဖြစ်မှနုတ်ထွက်ခြင်း၊

(ဆ) ဩဝါဒါစရိယအဖွဲ့၏ ဂုဏ်ကိုထိပါးစေမည့် ပြုမူပြောဆိုခြင်း၊

(ဇ) ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးများသို့ ထိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သုံးကြိမ် တစ်ဆက်တည်းမတက်ရောက်ခြင်း၊

(ဈ) ဩဝါဒါစရိယအဖွဲ့က လွှဲအပ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) သြဝါဒါစရိယဆရာတော်တစ်ပါးပါးသည်၊ ပုဒ်မခွဲ (၁)ပါ အကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းခြင်းရှိသည် မရှိသည် ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ သြဝါဒါစရိယအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

၁၇။ ။ သြဝါဒါစရိယဆရာတော်တစ်ပါးပါးသည်၊ ပုဒ်မ ၁၆ အရ၊ သြဝါဒါစရိယဆရာတော် အဖြစ်မှ ရပ်စဲသဖြင့် သြဝါဒါစရိယအဖွဲ့တွင် နေရာလစ်လပ်ခဲ့သော်၊ ထိုဆရာတော်ကို ရွေးကောက်တင်မြှောက်သည့်နည်းအတိုင်း အရည်အချင်းနှင့်ပြည့်စုံသော ဆရာတော်တစ်ပါးပါးကို ရွေးကောက်တင်မြှောက်၍ လစ်လပ်သည့်နေရာကို ဖြည့်ရမည်။

သို့ရာတွင် ယင်းသို့ရွေးကောက်တင်မြှောက်ခြင်းခံရသည့်ဆရာတော်သည်၊ သြဝါဒါစရိယဆရာတော်အဖြစ်မှ ရပ်စဲသည့် ဆရာတော် ပါဝင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသော ကာလအပိုင်းအခြား အတွက်သာလျှင် သြဝါဒါစရိယအဖွဲ့၌ ပါဝင်ရမည်။

၁၈။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ မိမိက သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ပုဂ္ဂိုလ်တစ်ဦးအား ရွေးချယ်ရေးအဖွဲ့၏ အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်ရမည်။ အုပ်ချုပ်ရေးအရာရှိသည်၊ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးတိုင်းတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(၂) အုပ်ချုပ်ရေးအရာရှိသည်၊ နှစ်စဉ်နှစ်ချုပ်အစီရင်ခံစာကို စီစဉ်ရေးသားပြီးလျှင်၊ ရွေးချယ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တင်ပြရမည့်ပြင်၊ မိမိအား လွှဲအပ်ထားသော အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၃) အုပ်ချုပ်ရေးအရာရှိသည်၊ အရွေးအချယ်ခံ အဆင့်အတန်းဝင်အရာရှိဖြစ်ရမည်။ ထိုအုပ်ချုပ်ရေးအရာရှိ၏ လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၁၉။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ လိုအပ်သည့် ရာထမ်းမှုထမ်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် ခန့်ထားနိုင်သည်။

(၂) အဆိုပါ ရာထမ်းမှုထမ်းများ၏ လစာများ၊ စရိတ်ကြေးငွေများနှင့်အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၂၀။ ။ (၁) ရွေးချယ်ရေးအဖွဲ့နှင့် သြဝါဒါစရိယအဖွဲ့တို့ကိုဖွဲ့စည်းပြီးနောက်၊ တွဲဖက်ပထမအစည်းအဝေးကျင်းပရန် နေ့ရက်များကို အုပ်ချုပ်ရေးအရာရှိက သတ်မှတ်ကြေညာရမည့်ပြင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်များထံ တင်ကြို၍ အကြောင်းကြားစာ ပေးပို့ရမည်။

(၂) ရွေးချယ်ရေးအဖွဲ့နှင့် ဩဝါဒါစရိယအဖွဲ့သည်၊ သာမန်အားဖြင့် တွဲဖက်၍ တစ်နှစ်လျှင်၊ နှစ်ကြိမ် အစည်းအဝေးကျင်းပရမည်။

၂၁။ ။ ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေး၌ဖြစ်စေ၊ ဩဝါဒါစရိယအဖွဲ့၏ အစည်းအဝေး၌ ဖြစ်စေ၊ ပေါ်ပေါက်သောကိစ္စအားလုံးကို၊ အစည်းအဝေးသို့ တက်ရောက်မဲပေးသော သက်ဆိုင်ရာ အဖွဲ့ဝင် များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက် တူညီနေလျှင်၊ သက်ဆိုင်ရာသဘာပတိ၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၂၂။ ။ ရွေးချယ်ရေးအဖွဲ့ကဖြစ်စေ၊ ဩဝါဒါစရိယအဖွဲ့ကဖြစ်စေ၊ စီမံဆောင်ရွက်သည့် မှုခင်း ကိစ္စများသည်၊ သက်ဆိုင်ရာအဖွဲ့တွင် ရာထူးလစ်လပ်သည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ရွေးကောက်တင်မြှောက်ရာတွင်၊ သို့တည်းမဟုတ် ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခု ရှိသည်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ မပျက်ပြယ်စေရ။

၂၃။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ အောက်ပါအာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင် ရွက်ရမည် —

(က) ဤအက်ဥပဒေ၏ ပထမဇယားနှင့်အညီ တိပိဋကဓရရွေးချယ်ပွဲများကို ကျင်းပခြင်း။

(ခ) တိပိဋကဓရရွေးချယ်ပွဲ အမျိုးအစားခွဲခြားခြင်း၊ အပိုင်း၊ သို့တည်းမဟုတ် အဆင့် အတန်းများသတ်မှတ်ခြင်း။

(ဂ) တိပိဋကဓရရွေးချယ်ပွဲအတွက် ကျမ်းစာများပြဋ္ဌာန်းခြင်း။

(ဃ) တိပိဋကဓရရွေးချယ်ပွဲဆိုင်ရာစည်းကမ်းများသတ်မှတ်ခြင်း။

(င) တိပိဋကဓရရွေးချယ်ပွဲကျင်းပရန်နေ့ရက်နှင့် ကျင်းပရန်ဌာနသတ်မှတ်ခြင်း။

(စ) တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သောသာသနာ့အာဇာနည်များအား သင့်လျော်သောဆု၊ လက်မှတ်၊ တံဆိပ်၊ ဘွဲ့ထူး၊ ဂုဏ်ထူး အပ်နှင်းချီးမြှောက်ခြင်း။

(ဆ) သာသနာ့အာဇာနည်ပုဂ္ဂိုလ်များအား လစဉ်ဆွမ်းဆန်တော်လှူဒါန်းခြင်း။

(ဇ) တိပိဋကဓရဘွဲ့တော်များ ရရှိကြသော ဆရာတော်များ၏ ဆရာမိဘများအား ထောက်ပံ့ခြင်း။

(ဈ) အစိုးရထံမှလည်းကောင်း၊ အခြားအလှူရှင်များထံမှလည်းကောင်း၊ ရရှိသောငွေ နှင့် အခြားဝတ္ထုပစ္စည်းများကိုလက်ခံ၍ ထိုက်သည့်အားလျော်စွာ စီမံသုံးစွဲခြင်း။

(ည) ဘွဲ့နှင်းသဘင်များကျင်းပခြင်း။

(ဋ) တိပိဋကဓရရွေးချယ်ပွဲ၌ ပါဝင်ဆောင်ရွက်ရန် မိမိလိုအပ်သည်ထင်မြင်သော ပုဂ္ဂိုလ်များခန့်ထားခြင်း၊ ယင်းသို့ခန့်ထားရန် မည်သည့်အဖွဲ့အားမဆို လွှဲအပ်ခြင်း။

(ဌ) ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ပါရှိသော အာဂုံပြန်ဆိုပွဲနှင့် သဒ္ဒေါ ရေးဖြေပွဲတွင် အောင်မြင်သောပုဂ္ဂိုလ်များအား၊ နိုင်ငံတော်သမ္မတက လှူဒါန်း ထောက်ပံ့သော မီးရထား၊ မီးသင်္ဘော လက်မှတ်များနှင့် အခြားလှူဖွယ်ဝတ္ထု များကို ပေးအပ်လှူဒါန်းခြင်း။

(ဍ) ဤအက်ဥပဒေ၏ တတိယဇယားတွင်ပါရှိသော အာဂုံပြန်ဆိုပွဲနှင့် သဒ္ဒေါ ရေးဖြေပွဲတွင် အောင်မြင်သော ပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတက လှူဒါန်း ထောက်ပံ့သော မီးရထား၊ မီးသင်္ဘော၊ လေယာဉ်လက်မှတ်များနှင့် အခြား လှူဖွယ်ဝတ္ထုများကို ပေးအပ်လှူဒါန်းခြင်း။

(ဎ) ဤအက်ဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်၊ ပြုဖွယ်ကိစ္စ ဟူသမျှကို စီမံဆောင်ရွက်ခြင်း။

၂၄။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ပုဒ်မ ၂၃ ပါ အာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်သည့်အခါ၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ဩဝါဒါစရိယ အဖွဲ့၏ ဩဝါဒကို ခံယူလျက်၊ ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒအတိုင်း ဆောင်ရွက်ရမည် –

(က) တိပိဋကဓရရွေးချယ်ပွဲအမျိုးအစားခွဲခြားခြင်း၊ အပိုင်း၊ သို့တည်းမဟုတ် အဆင့် အတန်းများသတ်မှတ်ခြင်း။

(ခ) တိပိဋကဓရရွေးချယ်ပွဲဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း။

(ဂ) တိပိဋကဓရရွေးချယ်ပွဲများအတွက် သင့်လျော်သောကြီးကြပ်ရေး ပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာထောက်စာမပုဂ္ဂိုလ်များ၊ မေးခွန်းထုတ် ပုဂ္ဂိုလ်များနှင့် အဖြေအမှတ်ပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်း၊ သို့တည်း မဟုတ် ခန့်ထားရန် လွှဲအပ်ခြင်း။

(ဃ) အထက်အပိုဒ်များပါ ကိစ္စများနှင့်စပ်လျဉ်း၍ နည်းဥပဒေများ ပြုခြင်း။

(၂) ပုဒ်မခွဲ (၁) ၌ သီးခြားဖော်ပြထားသော ကိစ္စများမှတစ်ပါး အခြားကိစ္စများတွင် ဩဝါဒါစရိယအဖွဲ့သည်၊ ရွေးချယ်ရေးအဖွဲ့က လျှောက်ထားတောင်းပန်သည့်အခါ၌ဖြစ်စေ၊ မိမိသဘော အလျောက်ဖြစ်စေ၊ ရွေးချယ်ရေးအဖွဲ့အား ဩဝါဒပေးနိုင်သည်။

၂၅။ ။ ဤအက်ဥပဒေအရ အာဏာနှင့်တာဝန်ဝတ္တရားကို ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတော်သမ္မတသည်၊ မိမိသင့်လျော်သည်ထင်မြင်သည့်ငွေကို ရွေးချယ်ရေးအဖွဲ့သို့ ထုတ်ပေးရမည်။

၂၆။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ရွေးချယ်ရေးအဖွဲ့ ရန်ပုံငွေဟု ခေါ်သည့် ရန်ပုံငွေတစ်ရပ် ထားရှိရမည်။ ထိုရန်ပုံငွေသို့ နိုင်ငံတော်သမ္မတထံမှရရှိသောငွေအားလုံးကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်များနှင့် အဖွဲ့များထံမှရရှိသော ငွေအားလုံးကိုလည်းကောင်း၊ ထည့်သွင်းရမည်။

(၂) ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ငွေများကို နိုင်ငံတော်သမ္မတ သဘောတူညီသည့် ဘဏ်တစ်ခု၌ အပ်နှံထားရမည်။

(၃) ယင်းသို့အပ်နှံထားသည့်ငွေများကို၊ ဤကိစ္စအလို့ငှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဘဏ်မှထုတ်ယူရမည်။

၂၇။ ။ ရွေးချယ်ရေးအဖွဲ့ဝင် အားလုံးသည်လည်းကောင်း၊ ရွေးချယ်ရေးအဖွဲ့၏ အုပ်ချုပ်ရေး အရာရှိနှင့် အခြားရာထမ်းမှုထမ်းအားလုံးသည်လည်းကောင်း၊ ကြီးကြပ်ရေးပုဂ္ဂိုလ်အားလုံးသည် လည်းကောင်း၊ စာစစ်ပုဂ္ဂိုလ်အားလုံးသည်လည်းကောင်း၊ စာဆောက် စာမပုဂ္ဂိုလ်အားလုံးသည် လည်းကောင်း၊ မေးခွန်း ထုတ်ပုဂ္ဂိုလ်အားလုံးနှင့် အဖြေ အမှတ်ပေးပုဂ္ဂိုလ်အားလုံးသည်လည်းကောင်း၊ ဤ အက်ဥပဒေပါကိစ္စများ ကိုဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော တပြုအမှုကို ပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပာယ်အရ ပြည်သူ့ ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရ မည်။

၂၈။ ။ အောက်ပါပုဂ္ဂိုလ်များအား၊ နိုင်ငံတော်သမ္မတ က သတ်မှတ်သောနှုန်းအတိုင်း လျှော်ခါနီးထောက်ပံ့ရမည် —

(က) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ သက်ဆိုင်ရာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ကြသည့် ဩဝါဒါစရိယဆရာတော်များနှင့် ရွေးချယ်ရေးအဖွဲ့ဝင်များ။

(ခ) တိပိဋကဓရရွေးချယ်ပွဲကျင်းပရာအရပ်သို့ ဖြေဆိုရန်လာရောက်ကြသော ပုဂ္ဂိုလ်များ။

(ဂ) တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သော သာသနာ့အာဇာနည်များ။

(ဃ) ကြီးကြပ်ရေးပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာဆောက်စာမပုဂ္ဂိုလ်များ၊ မေးခွန်းထုတ်ပုဂ္ဂိုလ်များနှင့် အဖြေ အမှတ်ပေးပုဂ္ဂိုလ်များ။

(င) တိပိဋကဓရရွေးချယ်ပွဲတွင်အောင်မြင်သော သာသနာ့အာဇာနည်များ၏ ဆရာမိဘများ။

၂၉။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ ဘဏ္ဍာတော်နှစ်မကုန်ဆုံးမီ၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက် မိမိ၏ ရသုံးမှန်းခြေငွေစာရင်းကို၊ နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ မှန်းခြေငွေစာရင်းကို ပြင်သည့် နောက်ထပ်မှန်းခြေငွေစာရင်းကိုလည်း အခါအားလျော်စွာ ထိုနည်းအတိုင်း တင်သွင်းရမည်။

သို့ရာတွင် ရွေးချယ်ရေးအဖွဲ့သည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့် ပထမနှစ်နှင့်စပ်လျဉ်း၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည်အထိ၊ ကာလအပိုင်းအခြားအတွက် မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမ္မတထံ လျင်မြန်နိုင်သမျှ လျင်မြန်စွာ တင်သွင်းရမည်။

၃၀။ ။ ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ နှစ်ပတ်လည်အစည်းအဝေးတွင်၊ ထိုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ချုပ်အစီရင်ခံစာကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၃၁။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတက ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ ငွေစာရင်းရှင်းတမ်းနှင့် အခြားရှင်းတမ်းများကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

(၂) ရွေးချယ်ရေးအဖွဲ့သည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သော ငွေစာရင်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။

(၃) ရွေးချယ်ရေးအဖွဲ့၏ ငွေစာရင်းများကိုနိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ် စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် ရွေးချယ်ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံဝင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ ရွေးချယ်ရေးအဖွဲ့၏ ငွေစာရင်းများကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ရွေးချယ်ရေးအဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် ရွေးချယ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစ်စောင်ကို စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ မိတ္တူတစ်စောင်စီကို ရွေးချယ်ရေးအဖွဲ့၏ ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန် အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင်မရှိသည့်အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်း မပြုရ။

၃၂။ ။ (၁) ရွေးချယ်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော နည်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေ များသည် အထူးသဖြင့် အောက်ပါ ကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည် –

(က) ပုဒ်မ ၂၆ (၂) အရ အပ်နှံထားသော ငွေများကို ဘဏ်မှ ထုတ်ယူရာတွင် လိုက်နာရမည့်စည်းကမ်းများသတ်မှတ်ရန်။ ကြီးကြပ်ရေးပုဂ္ဂိုလ်များ၊ စာစစ်ပုဂ္ဂိုလ်များ၊ စာထောက် စာမ ပုဂ္ဂိုလ်များ၊ မေးခွန်းထုတ်ပုဂ္ဂိုလ်များနှင့် အဖြေအမှတ်ပေး ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ၎င်းတို့လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ရန်။

(ခ) တီပီဋကဓရရွေးချယ်ပွဲ၌ ဝင်ရောက်ဖြေဆိုသော ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့် ထိုပုဂ္ဂိုလ်များ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ရန်။

(ဂ) ဘွဲ့နှင်းသဘင်ကျင်းပရန်။

(ဃ) ရွေးချယ်ရေးအဖွဲ့ကိုယ်စား ပဋိညာဉ်များနှင့် အခြားစာမှတ်တမ်းများကို လက်မှတ် ရေးထိုးရန်။

(၃) တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်သည်၊ ဤပုဒ်မအရပြုသည့် နည်းဥပဒေတစ်ခုခု၏ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ ထိုပုဂ္ဂိုလ်သည် —

(က) ကြီးကြပ်ရေးပုဂ္ဂိုလ်၊ စာစစ်ပုဂ္ဂိုလ်၊ စာထောက် စာမပုဂ္ဂိုလ်၊ မေးခွန်းထုတ်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖြေအမှတ်ပေးပုဂ္ဂိုလ်ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားနှင့်ဖြစ်စေ၊ တစ်သက်ပတ်လုံးဖြစ်စေ၊ ယင်းသို့ ကြီးကြပ်ခြင်း၊ စာစစ်ခြင်း၊ ထောက်မစစ်ဆေးခြင်း၊ မေးခွန်းထုတ်ခြင်း၊ သို့တည်းမဟုတ် အမှတ်ပေးခြင်းမပြုရဟု ၅၍သော် လည်းကောင်း၊

(ခ) တိုင်းပြုကာစရေးရွေးကောက်ပွဲတွင် ဝင်ရောက်မြေရှိသောပုဂ္ဂိုလ်ဖြစ်ခဲ့သော်၊ နှစ်အပိုင်းအခြားနှင့်ဖြစ်စေ၊ တစ်သက်ပတ်လုံးဖြစ်စေ၊ ထိုရွေးချယ်ပွဲမှ ထုတ်ပယ်ခြင်းခံရမည်ဟူ၍သော်လည်းကောင်း။

အဆိုပါ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤအက်ဥပဒေ၏ ပထမဇယားတွင်ပါရှိသော နည်းဥပဒေများသည်၊ ဤပုဒ်မအရ ရွေးချယ်ရေးအဖွဲ့ကပြုသည့် ပထမဦးဆုံး နည်းဥပဒေများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုနည်းဥပဒေများကို ရွေးချယ်ရေးအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်နိုင်သည်၊ ပြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

၃၃။ ။ ဤအက်ဥပဒေအရ ရုံးတော်များအား၊ အနာမာသဝတ္ထုငွေကိုဖြစ်စေ၊ အခြားဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လျှော်ခါနီးထောက်ပံ့သည့်အခါ၊ ရွေးချယ်ရေးအဖွဲ့သည်၊ ဝိနည်းတော်နှင့်အညီ လျှော်ခါနီးထောက်ပံ့ရမည်။

၃၄။ ။ ဝိနယပိဋကဝိနည်းငါးကျမ်း၊ အဘိဓမ္မာပိဋကပထမပိုင်း ငါးကျမ်း၊ ဒုတိယပိုင်းနှစ်ကျမ်း၊ သုတ္တန္တပိဋကဒီဃနိကာယ်သုံးကျမ်း၊ သုတ္တန္တပိဋကမဇ္ဈိမနိကာယ်သုံးကျမ်း၊ သုတ္တန္တပိဋကသံယုတ္တနိကာယ်ငါးကျမ်း၊ သုတ္တန္တပိဋကအင်္ဂုတ္တရနိကာယ်တစ်ဆယ့်တစ်ကျမ်း၊ သုတ္တန္တပိဋကခုဒ္ဒကနိကာယ်ပထမပိုင်း ကိုးကျမ်း၊ ဒုတိယပိုင်းတစ်ဆယ့်တစ်ကျမ်း၊ အပိုင်းတိုင်း၌ ရွေးချယ်ပွဲနှစ်မျိုးစီရှိရာ တစ်မျိုးကိုသော်လည်းကောင်း၊ နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ အောင်မြင်သောပုဂ္ဂိုလ်တို့အား ပိဋကအလိုက် ဤအက်ဥပဒေ၏ ဒုတိယဇယားတွင် ပါရှိသော ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံးတို့ကို နိုင်ငံတော်သမ္မတက လျှော်ခါနီးရမည် —

(က) ဘွဲ့လက်မှတ်၌ နိုင်ငံတော်တံဆိပ်နှင့် ရွေးချယ်ရေးအဖွဲ့တံဆိပ်ကို ထည့်သွင်း၍ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီး၊ နိုင်ငံတော်သမ္မတနှင့် ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌတို့ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(ခ) တံဆိပ်တုံးအလယ်၌ ပိဋက တစ်ပုံအောင်သော ပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်တစ်လက် တံဆိပ်၊ နှစ်ပုံအောင်သောပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်နှစ်လက်တံဆိပ်၊ သုံးပုံအောင်သော ပုဂ္ဂိုလ်အတွက်၊ ထီးဖြူတော်သုံးလက်တံဆိပ်တို့အပြင်၊ နိုင်ငံတော်၏ တံဆိပ်နှင့်ရွေးချယ်ရေးအဖွဲ့၏ တံဆိပ်တို့ထည့်သွင်း၍ အဆင့်အတန်းဂုဏ်နှင့် လိုက်လျောအောင် နိုင်ငံတော်သမ္မတက လျှော်ခါနီးရမည်။

၃၅။ ။ တိပိဋကဓရ ရွေးချယ်ပွဲတွင်အောင်မြင်၍ လစဉ်ပစ္စည်းလေးပါးနှင့် မီးရထား၊ မီးသင်္ဘောနှင့် လေယာဉ်လက်မှတ်လှူဒါန်းခြင်းခံရသော သာသနာ့အာဇာနည်များသည်၊ အောက်ဖော်ပြပါအကြောင်းတစ်ခုခုကြောင့် အရည်အချင်းပျက်ယွင်းလျှင်၊ ယင်းသို့လှူဒါန်းခံရခြင်းမှ အလိုအလျောက် ရပ်စဲပြီးဖြစ်ရမည် —

(က) လူထွက်ခြင်း၊

(ခ) ပျံလွန်တော်မူခြင်း၊

(ဂ) စိတ်ပျံ့လွင့်ရူးသွပ်ခြင်း၊

(ဃ) ပါရာဇိကာခ်ီကရှုက်းဖြစ်၍ သက်ဆိုင်ရာဝိနိစ္ဆယဌာနမှ၊ သို့တည်းမဟုတ် သက်ဆိုင်ရာ ဂိုဏ်းဂဏဝိနည်းဓိုရ်ထံမှ သုဒ္ဓဆုံးဖြတ်ချက်ကိုမရခြင်း၊

(င) အကျင့်စာရိတ္တနှင့်ပတ်သက်သော ရာဇဝတ်မှုဖြင့် အပြစ်ခံရခြင်း၊

(စ) ရွေးချယ်ရေးအဖွဲ့၏ သဘောတူညီချက်မရဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမနေခြင်း၊

(ဆ) ရွေးချယ်ရေးအဖွဲ့၏ သဒ္ဓါတရားကို မစောင့်ရှောက်ခြင်း။

၃၆။ ။ နိုင်ငံတော်သမ္မတသည်၊ ဩဝါဒါစရိယအဖွဲ့နှင့် ရွေးချယ်ရေးအဖွဲ့၏ တွဲဖက်အကြံပေးချက်အရ ဤအက်ဥပဒေ၏ ဒုတိယဇယား၊ သို့တည်းမဟုတ် တတိယဇယားပါ ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာအမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်နိုင်သည်၊ ဖြည့်စွက်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

၃၇။ ။ ဤအက်ဥပဒေ အာဏာမတည်မီ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကိုယ်စား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကကျင်းပသော တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များမှာ၊ ဤအက်ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို တစ်ဆက်တည်းဆက်လက်၍ အကျိုးခံစားခွင့်ရှိစေရမည်။

## ပထမဇယား

## နည်းဥပဒေများ

၁။ ။ တိပိဋကဓရရွေးချယ်ပွဲကို အောက်ပါအတိုင်းနှစ်မျိုးခွဲခြားထားရှိရမည် —

(က) အာဂုံပြန်ဆိုပွဲ။

(ခ) သဘောရေးဖြေပွဲ။

၂။ ။ အာဂုံပြန်ဆိုပွဲပြီးလျှင်၊ ထိုအာဂုံ ပြန်ဆိုထားသောအပိုင်းနှင့် သက်ဆိုင်ရာအပိုင်း၏ သဘောရေးဖြေပွဲကို ဆက်လက်၍ဖြေဆိုရမည်။

၃။ ။ အာဂုံပြန်ဆိုပွဲကို နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိတစ်ကြိမ်၊ နေ့ ၁ နာရီမှ ၄ နာရီအထိတစ်ကြိမ်အားဖြင့် တစ်နေ့လျှင်နှစ်ကြိမ်ကျင်းပရမည်။

၄။ ။ သဘောရေးဖြေပွဲကို နေ့စဉ် ၁၂ နာရီခွဲမှ ၄ နာရီခွဲအထိ တစ်နေ့လျှင်တစ်ကြိမ်သာ ကျင်းပရမည်။

၅။ ။ အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုသောပုဂ္ဂိုလ်တို့သည်၊ တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့် ဆဋ္ဌမူ စာမျက်နှာ ၁၀၀ မှ ၁၅၀ ခန့်ပြန်ဆိုရမည်။

၆။ ။ ဝိနည်း ၅ ကျမ်းအာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်းလျှင် ၃ ရက်စီ၊ ပေါင်း ၁၅ရက်၊ သဘောရေး ဖြေပွဲ၌ ၁ ကျမ်းလျှင် ၁ ရက်စီ၊ ပေါင်း ၅ ရက် အစဉ်အတိုင်းပြန်ဆိုရမည်။

၇။ ။ အဘိဓမ္မာပိဋက —

(က) အဘိဓမ္မာပိဋက ပထမပိုင်းပြန်ဆိုပွဲ၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ကထာ ဝတ္ထု ၃ ရက်စီ၊ ဓါတုကထာ၊ ပုဂ္ဂလပညတ် ၁ ရက်စီ၊ ပေါင်း ၁၁ ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်း ၁ ရက်စီ၊ ပေါင်း ၅ ရက်ပြန်ဆိုရေးဖြေရမည်။

(ခ) အဘိဓမ္မာပိဋက ဒုတိယပိုင်းအာဂုံပြန်ဆိုပွဲ၌ ယမိုက် ၆ ရက်၊ ပဋ္ဌာန်း ၁၂ ရက်၊ ပေါင်း ၁၈ ရက်၊ သဘောရေးဖြေပွဲ၌ ယမိုက် ၂ ရက်၊ ပဋ္ဌာန်း ၂ ရက်၊ ပေါင်း ၄ ရက်ပြန်ဆိုရေးဖြေရမည်။

၈။ ။ ဒီဃနိကာယ် ၃ ကျမ်းအာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်း ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘော ရေးဖြေပွဲ၌ ၁ ကျမ်း၊ ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၉။ ။ မဇ္ဈိမနိကာယ် ၃ ကျမ်း အာဂုံပြန်ဆိုပွဲ၌ ၁ ကျမ်း ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ ကျမ်း ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၀။ ။ သံယုတ္တနိကာယ် ၅ ကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၃ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၁။ ။ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၃ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၉ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၃ ရက်ပြန်ဆိုရေးဖြေရမည်။

၁၂။ ။ ခုဒ္ဒကနိကာယ် —

(က) ခုဒ္ဒကနိကာယ်ပထမပိုင်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၅ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၁၅ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၅ ရက် ပြန်ဆိုရေးဖြေ ရမည်။

(ခ) ခုဒ္ဒကနိကာယ် ဒုတိယပိုင်းအာဂုံပြန်ဆိုပွဲ၌ စာအုပ် ၆ အုပ်ရှိရာ၊ ၁ အုပ် ၃ ရက်စီ၊ ပေါင်း ၁၈ ရက်၊ သဘောရေးဖြေပွဲ၌ ၁ အုပ် ၁ ရက်စီ၊ ပေါင်း ၆ ရက်ပြန်ဆိုရေးဖြေ ရမည်။

## ပြဋ္ဌာန်းသောကျမ်းစာများ

၁၃။ ။ ပြဋ္ဌာန်းသောကျမ်းစာများမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံပါဠိတော် သင်္ဂါယနာတင်ကျမ်းပေါင်း ၅၄ ကျမ်းဖြစ်သည်။

၁၄။ ။ ထိုကျမ်းတို့ကို ပိဋကတ်တော်အားဖြင့် ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ သုတ္တန်ပိဋကတ်ဟူ၍ သုံးပုံ၊ အပိုင်းအားဖြင့် ဝိနည်း ၅ ကျမ်းတစ်ပိုင်း၊ အဘိဓမ္မာ ၇ ကျမ်းတွင် ပထမပိုင်း၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု တစ်ပိုင်း၊ ဒုတိယပိုင်း၌ ယမိုက်ပဋ္ဌာန်းတစ်ပိုင်း၊ ဒီဃနိကာယ် ၃ ကျမ်းတစ်ပိုင်း၊ မဇ္ဈိမနိကာယ် ၃ ကျမ်းတစ်ပိုင်း၊ သံယုတ္တနိကာယ် ၅ ကျမ်းတစ်ပိုင်း၊ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်းတစ်ပိုင်း၊ ခုဒ္ဒကနိကာယ်ကျမ်း ၂၀ တွင် ပထမပိုင်း၌ ၉ ကျမ်းတစ်ပိုင်း၊ ဒုတိယပိုင်း၌ ၁၁ ကျမ်း တစ်ပိုင်းဟူ၍ စုစုပေါင်း ၉ ပိုင်းသတ်မှတ်ထားသည်။

ရှင်းလင်းချက် —

(က) ခုဒ္ဒကနိကာယ်ကျမ်း ၂၀ တွင်၊ ပထမပိုင်း ၉ ကျမ်းမှာ (၁) ခုဒ္ဒကပါဌ၊ (၂) ဓမ္မပဒ၊ (၃) ဥဒါန၊ (၄) ဣတိဝုတ္တက၊ (၅) သုတ္တနိပါတ၊ (၆) ဝိမာနဝတ္ထု၊ (၇) ပေတဝတ္ထု၊ (၈) ထေရဂါထာ၊ (၉) ထေရီဂါထာ တို့ဖြစ်သည်။

(ခ) ခုဒ္ဒကနိကာယ်ကျမ်း ၂၀ တွင်၊ ဒုတိယပိုင်း ၁၁ ကျမ်းမှာ (၁) စူဠနိဒ္ဒေသ၊ (၂) မဟာနိဒ္ဒေသ၊ (၃) ပဋိသမ္ဘိဒါမဂ္ဂ၊ (၄) နေတ္တိ၊ (၅) ပေတကောပဒေသ၊ (၆) မိလိန္ဒပဉှာ၊ (၇) ထေရာအပဒါန၊ (၈) ထေရီအပဒါန၊ (၉) ဗုဒ္ဓဝံသ၊ (၁၀) စရိယာပိဋက၊ (၁၁) ပါဠိ ဇာတက တို့ဖြစ်သည်။

## အာဂုံပြန်ဆိုပွဲ၌ထောက်မစစ်ဆေးခြင်း

၁၅။ ။ ပြဋ္ဌာန်းသော ကျမ်းစာများကို အာဂုံပြန်ဆိုရာ၌ သင်္ဂါယနာတင်စဉ်အတိုင်း ပေယျာလမချန် ပြန်ဆိုစေလျှင် ပြန်ဆိုရမည်။

၁၆။ ။ စာထောက်စာမများက အာဂုံရလိမ့်မည်ဟုယုံကြည်လောက်သောနေရာတို့၌ ခုန်ကျော်စေ၍ လည်းကောင်း၊ မခုန်ကျော်စေဘဲလည်းကောင်း၊ ပြန်ဆိုစေနိုင်သည်။

၁၇။ ။ ထောက်မ ပေးပါလျက်၊ တစ်မိနစ်မျှတွေးတောစဉ်းစား၍လည်း မပြန်ဆိုနိုင်လျှင် (မ) ဟုမှတ်သားထား၍၊ ပြန်ဆိုနိုင်လျှင် (ရ) ဟုမှတ်သားထားရမည်။

၁၈။ ။ အာဂုံပြန်ဆိုရာ၌ တစ်ရက်လုံးအတွက် အများဆုံး ၅ ကြိမ်သာထောက်မ ပေးနိုင်သည်။ ထောက်မ ပေးရာ၌ (ထောက်) ဟု မှတ်သားထားရမည်။

မှတ်ချက်။ ။ ဝါကျတစ်ခုလုံး၊ ထောက်မ ပေးပါလျက်၊ မပြန်ဆိုနိုင်လျှင် ကျရှုံးသည်ဟု သတ်မှတ်ရမည်။

## သဘောရေးဖြေပွဲ၌ ပုစ္ဆာထုတ်အမှတ်ပေးခြင်း

၁၉။ ။ သဘောရေးဖြေပွဲတစ်နေ့အတွက် ပုစ္ဆာ စာရွက်တစ်ရွက်၌ ပျမ်းမျှခြင်းအမှတ် ၁၀၀ ထားရှိလိမ့်မည်။

၂၀။ ။ မေးခွန်းပုစ္ဆာထုတ်ရာ၌ ပါဠိတော်လာအနက်အဓိပ္ပာယ် ခဲရာခဲဆစ်အဆုံးအဖြတ်နှင့်တကွ သက်ဆိုင်ရာ အဋ္ဌကထာဋီကာတို့ကိုသာ မေးမြန်းရမည်။

## ပြန်ဆိုရေးဖြေခွင့်

၂၁။ ။ အာဂုံပြန်ဆိုပွဲ၊ သဘောရေးဖြေပွဲ နှစ်မျိုးလုံးကို ရဟန်းတော်များနှင့် သာမဏေများသာပြန်ဆိုရေးဖြေခွင့်ရှိသည်။

၂၂။ ။ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို တစ်ဆက်တည်းကျင်းပသော်လည်း အောင်မှတ်ပေးရာတွင် အာဂုံ ၅ ပုံ ၃ ပုံ အောင်မြင်သောပုဂ္ဂိုလ်၏ သဘောရေးဖြေလွှာကိုသာ ကြည့်ရှုစစ်ဆေးအမှတ်ပေးရမည်။

ဥပမာ - စာအုပ် ငါး အုပ်ရှိရာတွင် သုံးအုပ် အာဂုံ အောင်မြင်သည်ကိုဆိုလိုသည်။

၂၃။ ။ တိပိဋကဓရရွေးချယ်ပွဲနှစ်မျိုးလုံး၌ ဝင်ရောက်ပြန်ဆိုရေးဖြေသော ပုဂ္ဂိုလ်တို့အနက်၊ အာဂုံပြန်ဆိုပွဲတစ်မျိုးတည်းသာအောင်မြင်၍ သဘောရေးဖြေပွဲ၌ ကျရှုံးသောပုဂ္ဂိုလ်တို့မှာ၊ နောက်နောင်နှစ်များ၌ကျရှုံးသော သဘောရေးဖြေပွဲတစ်မျိုးတည်း၌သာ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

၂၄။ ။ အာဂုံပြန်ဆိုပွဲ၌ ကျမ်းစာအလုံးစုံကို စင်စင်ကြယ်ကြယ် ပြန်ဆိုနိုင်မှသာအောင်မြင်ခွင့်ရမည်။

၂၅။ ။ သဘောရေးဖြေပွဲ၌ မေးခွန်းပုစ္ဆာအရွက်တိုင်းမှာပင် အမှတ်ရာခိုင်နှုန်း ၇၅ မှတ်အောက်မနည်းရမှသာ အောင်မြင်ခွင့်ရမည်။

၂၆။ ။ (၁) တိပိဋကဓရ ရွေးချယ်ပွဲနှစ်မျိုးလုံးမှာပင် (ထောက်ရ - မရ) မှတ်သားထားသော အလွှာများနှင့် မေးခွန်းပုစ္ဆာရေးဖြေလွှာများကို ထပ်မံစစ်ဆေး၍ အောင်မြင်ခွင့်ပေးရာတွင် လျှို့ဝှက်

သောဒုံအဖွဲ့ဖွဲ့စည်း၍ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

(၂) ပြဋ္ဌာန်းသော ပိဋကတ်ကျမ်းစာ အပိုင်းတစ်ခုခုကို ၃ ကြိမ်တိုင်တိုင်ဝင်ရောက်ပြန်ဆိုရေးဖြေပါလျက်၊ အာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲတစ်ခုခုတွင် မအောင်မြင်သောပုဂ္ဂိုလ်အားနောက်ထပ်ခွင့်ပြုသော်လည်း တစ်နှစ်တစ်နှစ်အတွက် ပြဋ္ဌာန်းထားသော အာဂုံကျမ်းစာ၏ ၅ ပုံ ၃ ပုံအောင်မှတ်ပြည့်မပြန်ဆိုနိုင်လျှင်၊ ၎င်းပုဂ္ဂိုလ်အားအသွားအပြန် ခရီးစရိတ်လျှော်ပါနီးလိမ့်မည်မဟုတ်။

၂၇။ ။ စာထောက်စာမ ပုဂ္ဂိုလ်၊ မေးခွန်းထုတ်ပုဂ္ဂိုလ်၊ စာစစ်ပုဂ္ဂိုလ်တို့ကို ဩဝါဒါစရိယအဖွဲ့က မိမိသဘောအတိုင်း ရွေးချယ်ခန့်ထားနိုင်သည်။

၂၈။ ။ တိပိဋကရေးရွေးချယ်ပွဲနှင့် စပ်လျဉ်းသောကိစ္စ အမျိုးမျိုးတို့ကိုစီမံဆောင်ရွက်ရာ၌ ဩဝါဒါစရိယအဖွဲ့နှင့် တိုင်ပင်ကာရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်နိုင်သည့်အပြင် နည်းဥပဒေ ၂၆ (၁) အရ လို့အပ်သောအဖွဲ့ကိုပါ ဖွဲ့စည်းနိုင်သည်။

၂၉။ ။ အဘိဓမ္မာ ပိဋကတ်၌လည်းကောင်း၊ ခုဒ္ဒကနိကာယ်၌လည်းကောင်း၊ ပထမပိုင်း၊ ဒုတိယပိုင်းဟူ၍ နှစ်ပိုင်းစီရှိရာတွင်၊ နှစ်ပိုင်းလုံးအာဂုံသဘောရေးဖြေ အောင်မြင်မှသာ သက်ဆိုင်ရာဘွဲ့တံဆိပ်နှင့် ပစ္စည်းလေးပါးကို လျှောက်ပါနီးရမည်။ တစ်ပိုင်းတည်းသာအောင်မြင်ပါက အောင်မြင်သောအပိုင်းအတွက် အသိအမှတ်ပြုလက်မှတ်ကိုသာ ဆက်ကပ်လျှောက်ပါနီးရမည်။

၃၀။ ။ အာဂုံပြန်ဆိုပွဲ၌ အထောက်အမလွတ်ကင်း၍ သန့်ရှင်းထူးကဲစွာပြန်ဆိုနိုင်သောပုဂ္ဂိုလ်တို့အား ပိဋကတ်အလိုက်ရှိမြဲဘွဲ့လက်မှတ်နှင့် တံဆိပ်တော်တွင် (ဝိသိဋ္ဌ) ထည့်စွက်၍ လျှောက်ပါနီးရမည်။

၃၁။ ။ သဘောရေးဖြေပွဲ၌ နေ့စဉ်အောင်မှတ် ၈၅ မှတ်ရလျှင်သော်လည်းကောင်း၊ နေ့စဉ် ၈၀ အမှတ်ထက်မနည်းရရှိကာ ပျမ်းမျှခြင်း ရာနိုင်နှုန်း ၉၀ ရရှိလျှင်သော်လည်းကောင်း၊ ဘွဲ့လက်မှတ်နှင့်တံဆိပ်တော်တွင် (မဟာ) ဟူသောဂုဏ်ထူးတပ်၍လျှောက်ပါနီးရမည်။

## ပစ္စည်းလေးပါးဖြင့်ချီးမြှောက်ခြင်း

၃၂။ ။ ဘွဲ့လက်မှတ်နှင့်တံဆိပ်တော်ရ ပုဂ္ဂိုလ်ထူးတို့ကို ဂုဏ်ထူးအလိုက်အောက်ပါစနစ်အတိုင်း ရွေးချယ်ရေးအဖွဲ့က ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်လျှောက်ပါနီးရမည်။

၃၃။ ။ ဝိနယပိဋကတ်၊ အဘိဓမ္မာပိဋကတ်နှင့် သုတ္တန္တပိဋကတ်အဝင်အပါဒီဃနိကာယ်ဟူသော သင်္ဂီတပိဋကကိုအောင်မြင်သော သာသနာ့အာဇာနည်အား၊ အာဂုံသာမန်အောင်မြင်က၊ (တိပိဋကဓရ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ ဂုဏ်ထူးနှင့်အောင်မြင်က (ဝိသိဋ္ဌတိပိဋကဓရ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ သဘောရေးဖြေပွဲတွင် သာမန်အောင်မြင်က (တိပိဋကကောဝိဒ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊

ဂုဏ်ထူးနှင့် အောင်မြင်က (မဟာတိပိဋကကောဝိဒ) ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကိုသော်လည်းကောင်း၊ လျှာဒါန်းရမည်။

<u>မှတ်ချက်။</u> ။ သာမဏေတို့သည် အဆင့်အတန်းတစ်ခုခုကိုအောင်မြင်၍၊ သတ်မှတ်ထားသော ဘွဲ့တံဆိပ်တို့ကို ရထိုက်စေကာမူ၊ ရဟန်းအဖြစ်သို့ရောက်မှသာ ချီးမြှင့်လျှာဒါန်းခြင်းကို ခံယူရမည်။

၃၄။ ။ ရဟန်းသာမဏေတို့အား ပေးအပ်သောနည်းဖြင့်အလိုရှိရာ ပစ္စည်းလေးပါးကို ကပ္ပိယကာရကမှတစ်ဆင့် လျှာဒါန်းရမည်။

၃၅။ ။ (၁) အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲတို့၌ အောင်မြင်ကြသောပုဂ္ဂိုလ်တို့အား ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ပါသော ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံးတို့ကို နိုင်ငံတော်သမ္မတက လျှာဒါန်းဆက်ကပ်ရမည်။

(၂) ပိဋကတ်တစ်ပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်မျိုးလုံးအောင်မြင်သော ပုဂ္ဂိုလ်တို့အား အရိုးဝါကနက္ခဒဏ်ထိုးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်မျိုးအနက်တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်တို့အား အရိုးနီကနက္ခဒဏ်ထိုးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လျှာဒါန်းရမည်။

(၃) ပိဋကတ်နှစ်ပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံး၌ အောင်မြင်သော ပုဂ္ဂိုလ်အား အရိုးဝါကနက္ခဒဏ်ထိုးဖြူတော်နှစ်လက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးအနက် တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်အား အရိုးနီကနက္ခဒဏ်ထိုးဖြူတော်နှစ်လက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လျှာဒါန်းရမည်။

(၄) ပိဋကတ်သုံးပုံလုံးအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံး၌ အောင်မြင်သော ပုဂ္ဂိုလ်အား အရိုးဝါကနက္ခဒဏ် ထိုးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးအနက်တစ်မျိုးမျိုး၌သာ အောင်မြင်သော ပုဂ္ဂိုလ်အား အရိုးနီကနက္ခဒဏ်ထိုးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနဒ္ဓအောင်လံတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတက လျှာဒါန်းရမည်။

၃၆။ ။ (၁) တိပိဋကဓရရွေးချယ်ပွဲတွင် အောက်ဖော်ပြပါအဆင့်အတန်းတစ်ခုခု၌ အောင်မြင်သော ပုဂ္ဂိုလ်တစ်ပါးပါးအား နိုင်ငံတော်သမ္မတ သတ်မှတ်သောနှုန်းထားအတိုင်း တစ်လုံးတစ်ခဲတည်း ဆွမ်းဆန်အလှူတော်နှင့် လစဉ်ဆွမ်းဆန်အလှူတော်များကို ရွေးချယ်ရေးအဖွဲ့က လျှာဒါန်းရမည်—

(က) ဝိနယပိဋကတ်အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။

(ခ) အဘိဓမ္မာပိဋကတ် (ပထမပိုင်းနှင့်ဒုတိယပိုင်း၊) အာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(ဂ) ဒီဃနိကာယအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။

(ဃ) မဇ္ဈိမနိကာယအာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(င) သံယုတ္တနိကာယအာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(စ) အင်္ဂုတ္တရနိကာယအာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ။

(ဆ) ခုဒ္ဒကနိကာယ (ပထမပိုင်းနှင့်ဒုတိယပိုင်း) အာဂုံပြန်ဆိုပွဲနှင့်သဘောရေးဖြေပွဲ။

(၂) တံဆိပ်တုံးအလယ်၌ ပိဋကတ်တစ်ပုံအောင်သော ပုဂ္ဂိုလ်အတွက် ထီးဖြူတော်တစ်လက် တံဆိပ်၊ နှစ်ပုံအောင်သောပုဂ္ဂိုလ်အတွက် ထီးဖြူတော်နှစ်လက်တံဆိပ်၊ သုံးပုံအောင်သောပုဂ္ဂိုလ်အတွက် ထီးဖြူတော်သုံးလက်တံဆိပ်တို့အပြင်၊ နိုင်ငံတော်၏တံဆိပ်နှင့်ရွေးချယ်ရေးအဖွဲ့၏ တံဆိပ်တို့ ထည့်သွင်း၍ အဆင့်အတန်းဂုဏ်နှင့် လိုက်လျောအောင် နိုင်ငံတော်သမ္မတကလှူဒါန်းရမည်။

၃၇။ ။ ပိဋကတ်တစ်ပုံအတွက်သော်လည်းကောင်း၊ နှစ်ပုံအတွက်သော်လည်းကောင်း၊ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲနှစ်မျိုးလုံးအောင်မြင်၍ ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံးအပြည့်အစုံရရှိသော ပုဂ္ဂိုလ်ထူးတို့အား မြန်မာနိုင်ငံအတွင်း၌ အသွားအလာလွယ်ကူစေရန် ပထမတန်း၊ နောက်ပါတပည့် တစ်ယောက်အတွက် ဒုတိယတန်း အခမဲ့မီးရထားနှင့်သင်္ဘောလက်မှတ်တို့ကို နိုင်ငံတော်သမ္မတက လှူဒါန်းရမည်။

## ရွေးချယ်ပွဲစည်းကမ်းများ

၃၈။ ။ အာဂုံပြန်ဆိုပွဲ၌ စာဖြေခုံတစ်ခုံလျှင် ဩဝါဒါစရိယဆရာတော်တစ်ပါး၊ စာထောက် စာမဆရာတော်နှစ်ပါး၊ အမှတ်ပေးလူ ပါဠိဆရာတစ်ယောက် ပေါင်းလေးဦးကြီးကြပ်ရမည်။

၃၉။ ။ အာဂုံပြန်ဆိုသောပုဂ္ဂိုလ်တို့သည် ကြီးကြပ်ရေးပုဂ္ဂိုလ်တို့ကျေနပ်လောက်အောင် ရှင်းလင်းပီသ ပြတ်သားစွာပြန်ဆိုရမည်။

၄၀။ ။ အာဂုံပြန်ဆိုသောအခါ တစ်နာရီအတွင်း အများဆုံးတစ်ကြိမ်လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်အထိ ဩဝါဒါစရိယအဖွဲ့က ဆုံးဖြတ်သတ်မှတ်ပေးသည့်အတိုင်း အနားယူရမည်။

၄၁။ ။ ကြီးကြပ်ရေးပုဂ္ဂိုလ်တို့သည် တစ်ကျမ်းစစ်ဆေးပြီးလျှင် နောက်တစ်ကျမ်းအတွက် စာဖြေခုံပြောင်းလွှဲ၍ စစ်ဆေးနိုင်သည်။

၄၂။ ။ သဘောရေးဖြေပွဲ၌ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည် အဖြေတို့ကို စစ်ဆေးအမှတ်ပေးရာ၌ လွယ်ကူစေရန် မိမိတို့ထုတ်သော မေးခွန်းတို့ကို အဖြေပါရေး၍ ပေးရမည်။

၄၃။ ။ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည်၊ စစ်မေးမည့်မေးခွန်းတို့ကို လျှို့ဝှက်သော စနစ်ဖြင့် နေ့ချင်းပြီးထုတ်ရမည်။

၄၄။ ။ အဖြေတို့ကို စစ်ဆေးအမှတ်ပေးသောပုဂ္ဂိုလ်တို့သည် လျှို့ဝှက်စွာ စစ်ဆေးရမည့် အပြင်၊ ရွေးချယ်ရေးအဖွဲ့က မကြေညာမီ တစ်စုံတစ်ရာပေါက်ကြားခြင်းမရှိစေရ။

၄၅။ ။ မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည် မိမိတို့ထုတ်သောမေးခွန်းများစာဖြေပုဂ္ဂိုလ်တို့လက်သို့ မရောက်မီ ဩဝါဒါစရိယအဖွဲ့က ချထားသောနေရာ၌သာနေရမည်။

၄၆။ ။ မေးခွန်းတို့ကို ဩဝါဒါစရိယအဖွဲ့၏ ခွင့်ပြုချက်အရ မေးခွန်းထုတ်ပုဂ္ဂိုလ်အနည်းဆုံးနှစ်ဦးသုံးဦးတိုင်ပင်ညှိနှိုင်း၍ထုတ်ရမည်။

၄၇။ ။ သဘောရေးဖြေပွဲ၌ အဖြေတို့ကို စစ်ဆေးအမှတ်ပေးသောပုဂ္ဂိုလ်၊ အောင်စာရင်းထုတ်ရန် ဆုံးဖြတ်ရသောခုံအဖွဲ့ဝင်ပုဂ္ဂိုလ်တို့သည် စာဖြေပုဂ္ဂိုလ်တို့၏ ဘွဲ့အမည်၊ နေရပ်စသည်တို့ကို မသိနိုင်အောင်အတွင်းရေးမှူးက လျှို့ဝှက်သောနည်းဖြင့် စီမံပေးရမည်။

## ဒုတိယဇယား

| ပိဋကတ်ကျမ်းစာများ | ထိုင်ရေ | (က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | | (ခ) သဘောရေးဖြေပွဲ အောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | |
|---|---|---|---|---|---|
| | | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁။ ဝိနယ ပိဋကတ်<br>ဝိနည်းငါးကျမ်း။ | ၅ | ဝိနယဓရ | ဝိသိဋ္ဌဝိနယဓရ။ | ဝိနယကောဝိဒ၊ | မဟာဝိနယ<br>ကောဝိဒ။ |
| ၂။ အဘိဓမ္မာပိဋကတ်<br>ပထမပိုင်းငါးကျမ်း။ | ၄ | အာဘိဓမ္မိက။ | ဝိသိဋ္ဌ<br>အာဘိဓမ္မိက။ | အဘိဓမ္မ<br>ကောဝိဒ။ | မဟာအဘိဓမ္မ<br>ကောဝိဒ။ |
| ၃။ အဘိဓမ္မာပိဋကတ်<br>ဒုတိယပိုင်းနှစ်ကျမ်း။ | ၈ | | | | |
| ၄။ သုတ္တန္တပိဋကဒီဃ<br>နိကာယသုံးကျမ်း။ | ၃ | ဒီဃဘာဏက။ | ဝိသိဋ္ဌဒီဃ<br>ဘာဏက။ | ဒီဃနိကာယ<br>ကောဝိဒ။ | မဟာဒီဃနိကာယ<br>ကောဝိဒ။ |
| ၅။ သုတ္တန္တပိဋကမဇ္ဈိမ<br>နိကာယသုံးကျမ်း။ | ၃ | မဇ္ဈိမဘာဏက။ | ဝိသိဋ္ဌမဇ္ဈိမ<br>ဘာဏက။ | မဇ္ဈိမနိကာယ<br>ကောဝိဒ။ | မဟာမဇ္ဈိမနိကာယ<br>ကောဝိဒ။ |

# ဒုတိယဇယား ။ ။ အဆုံး

| ပိဋကတ်ကျမ်းစာများ (၁) | ကျမ်းရေ (၂) | (က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | | (ခ) သဘောရေးဖြေပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | |
|---|---|---|---|---|---|
| | | သာမန် (၃) | ဂုဏ်ထူး (၄) | သာမန် (၅) | ဂုဏ်ထူး (၆) |
| ၆။ သုတ္တန္တပိဋကတ်သံယုတ္တနိကာယ်ငါးကျမ်း | ၃ | သံယုတ္တဘာဏက။ | ဝိသိဋ္ဌသံယုတ္တဘာဏက။ | သံယုတ္တနိကာယကောဝိဒ။ | မဟာသံယုတ္တနိကာယကောဝိဒ။ |
| ၇။ သုတ္တန္တပိဋကတ်အင်္ဂုတ္တရနိကာယ်တစ်ဆယ့်တစ်ကျမ်း။ | ၃ | အင်္ဂုတ္တရဘာဏက။ | ဝိသိဋ္ဌအင်္ဂုတ္တရဘာဏက။ | အင်္ဂုတ္တရနိကာယကောဝိဒ။ | မဟာအင်္ဂုတ္တရနိကာယကောဝိဒ။ |
| ၈။ သုတ္တန္တပိဋကတ်ခုဒ္ဒကနိကာယပထမပိုင်းကိုးကျမ်း | ၅ | ခုဒ္ဒကဘာဏက။ | ဝိသိဋ္ဌခုဒ္ဒကဘာဏက။ | ခုဒ္ဒကနိကာယကောဝိဒ။ | မဟာခုဒ္ဒကနိကာယကောဝိဒ။ |
| ၉။ ခုဒ္ဒကနိကာယ ဒုတိယပိုင်းတစ်ဆယ့်တစ်ကျမ်း။ | ၆ | | | | |

# တတိယဇယား

| ပိဋကတ်ကျမ်းစာများ | အုပ်ရေ | (က) အာဂုံပြန်ဆိုပွဲအောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | | (ခ) သဒ္ဒါစာရေးဖြေပွဲ အောင် ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး | |
|---|---|---|---|---|---|
| | | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ဝါစနာမဂ္ဂပိဋကတ် သင်မှုပိဋကတ်သုံးပုံ။ | ၂၀ | တိပိဋကဓရ | ဝိသိဋ္ဌ တိပိဋကဓရ | တိပိဋက ကောဝိဒ။ | မဟာတိပိဋက ကောဝိဒ။ |
| ပဉ္စနိကာယပိဋကတ် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ။ | ၄၀ | ပဉ္စနိကာယိက တိပိဋကဓရ | ဝိသိဋ္ဌပဉ္စ နိကာယိက တိပိဋကဓရ | ပဉ္စနိကာယိက တိပိဋက ကောဝိဒ။ | မဟာပဉ္စ နိကာယိက တိပိဋကကောဝိဒ။ |

---

ပြည်ထောင်စုအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၉၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။